ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန

# အမိန့်ကြော်ငြာစာ

အမှတ်၊ ၁၂ /၂၀၂၀
နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ ရက်)

## လစာခေါင်းစဉ်မှအပ ငွေထုတ်ပေးရန်တာဝန်ရှိသူက ငွေထုတ်ပေးချိန်တွင် ပင်ရင်းမှနုတ်ယူပေးသွင်းငွေ ဖြတ်တောက်ပေးသွင်းခြင်းကိစ္စနှင့်စပ်လျဉ်း၍ ပေးချေငွေအမျိုးအစားပြင်ဆင်သတ်မှတ်ခြင်း

၁။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ယခင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လစာခေါင်းစဉ်မှအပ ပေးချေငွေအမျိုးအစားများနှင့်စပ်လျဉ်း၍ ငွေထုတ်ပေးရန်တာဝန်ရှိသူက ငွေထုတ်ပေးချိန်တွင် သတ်မှတ်ရာခိုင်နှုန်းများအလိုက် ကျသင့်သောဝင်ငွေခွန်ကို နုတ်ယူပေးသွင်းရန် ၁၈-၆-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၇/၂၀၁၈ ၌ ဖော်ပြပါရှိပါသည်။

၂။ ယင်းအမိန့်ကြော်ငြာစာ၏ အပိုဒ် ၇၊ အပိုဒ်ခွဲ (က) တွင် "ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် ပြည်ထောင်စုအစိုးရအဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်ဖြင့် လိုအပ်ပါက ပေးချေငွေအမျိုးအစားတစ်ရပ်ရပ်အတွက် ပင်ရင်းမှနုတ်ယူပေးသွင်းရန် မလိုအပ်ကြောင်း သတ်မှတ်ပေးနိုင်သည်" ဟူ၍ ပြဋ္ဌာန်းထားပါသည်။

၃။ အဆိုပါပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုဝန်ကြီး၏ ခွင့်ပြုချက်အရ ငွေထုတ်ပေးရန်တာဝန်ရှိသူက ငွေထုတ်ပေးချိန်တွင် ပင်ရင်းမှနုတ်ယူပေးသွင်းရန်မလိုအပ်သော ပေးချေငွေအမျိုးအစားကို အောက်ပါအတိုင်းသတ်မှတ်လိုက်သည်-

> "ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများအတွက်ပေးချေငွေများ"

၄။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၀ပြည့်နှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

(မင်းထွဋ်)
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ၁(၄)/ ဥစ-၁/ ပတခ/၂၀၂၀ (၁၀၉၄)
ရက် စွဲ ၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၇ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များအားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနရှိ ဌာနအဖွဲ့အစည်းများအားလုံး
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနသို့ မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

မိတ္တူကို
ရုံးလက်ခံ
မျှောစာတွဲ